

# နာမည်ကျော်လာပြန်တဲ့

simultion game :

# CITIES in MOTION

နိုင်ငံတကာ PC game လောကအသိုင်းအဝိုင်းတွေအကြား အပြောင်းအလဲတွေ၊ ဆန်းသစ်မှုတွေနဲ့ ထူးထူးခြားခြားသတင်းတွေ အများကြီးတွေ့နေရပါတယ်။ လက်ရှိ အောင်မြင်မှု အများဆုံး Call of Duty ရဲ့ နောက်ဆက်တွဲ game အသစ် Call of Duty : Modern Warfare 3 အကြောင်း တစ်စွန်းတစ်စ တွေ့ရှိထားရသလို အပြိုင်အဆိုင်တွေဖြစ်တဲ့ DICE game developer အဖွဲ့ကလည်း သူတို့ရဲ့ Battlefield 3 က game play trailer ကို စတင် ထုတ်လွှင့်လာခဲ့ပါတယ်။ »





အကောင်းဆုံး FPS တစ်ခု ဖြစ်ခဲ့ဖူးတဲ့ Crysis 2 က တော့ NanoSuit အသစ်နဲ့ အတူ ၂၀၁၁ ခုနှစ် မတ်လအကုန်မှာ ထွက်ရှိလာပါပြီ။ FPS အမျိုးအစားတွေသာ အပြိုင်အဆိုင် ဖြစ်နေရတာ မဟုတ်ပါဘူး။ တစ်ချိန်က ကမ္ဘာ့အကောင်းဆုံး RTS game ဖြစ်ခဲ့ပြီး ၁၆ နှစ်ကြာ သက်တမ်းရှိပြီဖြစ်တဲ့ Command & Conquer game series ဟာ ပြန်လည် အသက်ဝင်လာပါတော့မယ်။

EALA မှ နောက်ဆုံး ထွက်ခဲ့တဲ့ C&C Tiberian Twilight ဟာ ဆိုးဆိုးရွားရွားကျဆုံးသွားခဲ့တာကြောင့် အခုတစ်ခါမှာတော့ EA ကုမ္ပဏီကြီးက developer အဖွဲ့အသစ် Victory Games ကို C&C game အသစ်အတွက် ဖွဲ့စည်းအပ်နှံကြောင်း ကြေညာခဲ့ပါတယ်။ ကမ္ဘာကျော် Blizzard III အကြောင်း သတင်းတွေကလည်း ပြန်လည်ထွက်ပေါ်လာပြီး rating တွေ မြင့်တက်လာပြန်ပါတယ်။

## နာမည်ကျော်လာတဲ့ game အမျိုးအစား

ရုပ်ရှင်၊ ဝတ္ထု၊ ကာတွန်းစာစောင်တွေကို အခြေခံထားတဲ့ ဇာတ်လမ်းအသားပေး game တွေလည်း ခေတ်စားနေဆဲဖြစ်ပြီး တစ်ချိန်တစ်ခါက လူကြိုက်များခဲ့တဲ့ game ဇာတ်လမ်းအဟောင်းတွေကို ပြန်လည်ဆန်းစစ် ဖော်ထုတ်လာတာကိုလည်း တွေ့မြင်နေရပါတယ်။ ဒီလို game အမျိုးအစား အမျိုးစုံကြားထဲမှာ တမူထူးခြားပြီး နာမည်ကျော်လာတာကတော့ မြို့ပြသယ်ယူပို့ဆောင်ရေး simulation game တစ်ခုဖြစ်တဲ့ Cities in Motion (CiM) ပါပဲ။

ဥရောပအခြေစိုက် game ကုမ္ပဏီဖြစ်တဲ့ Paradox Interactive ကနေ တာဝန်ယူဖြန့်ချိပေးထားပေမယ့် တကယ်ရေးဆွဲသူတွေကတော့ Finland နိုင်ငံမှာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကမှ ဝါရင့် developer တွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ Colossal Order အဖွဲ့ဖြစ်ပါတယ်။ အခု game ဟာ Colossal Order ရဲ့ ပွဲဦးထွက်လက်ရာပါပဲ။

